# TTCL Power Myanmar Company Limited မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အလုံမြို့နယ်ရှိ ဓာတ်အားပေးစက်ရုံနှင့် လှိုင်သာယာ မြို့နယ်တွင်ရှိသော ဓာတ်အားခွဲရုံတို့ကို ချိတ်ဆက်သွယ်တန်းမည်ဖြစ်သော ၂၅ ကီလိုမီတာအရှည်ရှိ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၏ စီမံကိန်းအကြောင်းအရာ

၁။ TTCL Power Myanmar Company Limited မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အလုံမြို့နယ်ရှိ ဓာတ်အားပေးစက်ရုံနှင့် လှိုင်သာယာမြို့နယ်တွင်ရှိသော ဓာတ်အားခွဲရုံတို့ကို ချိတ်ဆက်သွယ်တန်းမည်ဖြစ်သော ၂၅ ကီလိုမီတာအရှည်ရှိ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်းအတွက် TTCL Public Company Limited၏ ၁၂ -၅-၂၀၂၁ ရက်စွဲပါ စာမှတ် ၊ TTCL 029/21/H/O ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** TTCL Power Myanmar Company Limited ၏ စီမံကိန်းလိပ်စာမှာ ၁၆(ခ)၊ ၁၆လွှာ၊ စင်တာပွိုင့်တာဝါ ၊အမှတ်(၆၅)၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း + 95 [0] 9 254311058 ၊ +95 [0] 1 371962 ၊ +95 [0] 1 371963၊ Email - nini.s@ttcl.com ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ၊ တွံတေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား ဖြတ်သန်းသွားမည် ဖြစ်ပါသည်။ သွယ်ယူရေးလိုင်းအစိတ်အပိုင်းများတွင် လျှပ်ကူးပစ္စည်းများ ၊ သွယ်ယူရေးတာဝါ၊ အဖွင့်အပိတ်နေရာ၊ ဓာတ်အားခွဲရုံများ၊ ချိတ်ဆက်သွယ်တန်းမှုများ၊ အသုံးပြုမည့်လမ်းကြောင်း (Right Of Way) ၊ ဖြတ်သန်းမှုများနှင့် လမ်းဖောက်လုပ်ခြင်းများပါဝင်ပါသည်။ အဆိုပါသွယ်ယူရေးလမ်းကြောင်းအား လက်ရှိသုံးနေသော လှိုင်သာယာ-ကျိုက်လတ် သွယ်ယူရေးလိုင်းနှင့် လမ်းကြောင်း၏ ပထမတစ်ဝက်အထိပြိုင်၍ သွယ်တန်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိသုံးနေသော လှိုင်သာယာ-အလုံသွယ်ယူရေးလိုင်းအတိုင်း ဆက်လက်သွယ်တန်းသွားမည်ဖြစ်ကြောင်းနှင့် သွယ်ယူရေးလိုင်း/ တာဝါတစ်ခုချင်းအကြား ၂၃ မီတာ ရှိမည်ဖြစ်ပြီး အလုံဓာတ်အားခွဲရုံသို့ မချိတ်ဆက်မီ သွယ်ယူရေးလိုင်းသည် ရန်ကုန်မြစ်ကိုဖြတ်၍ တည်ဆောက်မည်ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** သွယ်ယူရေးလိုင်းအစိတ်အပိုင်းများတွင် လျှပ်ကူးပစ္စည်းများ ၊ သွယ်ယူရေးတာဝါ၊ အဖွင့်အပိတ်နေရာ၊ ဓာတ်အားခွဲရုံများ၊ ချိတ်ဆက်သွယ်တန်းမှုများ၊ အသုံးပြုမည့်လမ်းကြောင်း (Right Of Way) ၊ ဖြတ်သန်းမှုများနှင့် လမ်းဖောက်လုပ်ခြင်းများ ပါဝင်ပါသည်။

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ TTCL Public Company Limited က ၁၂-၅-၂၀၂၁ ရက်စွဲပါ စာမှတ် ၊ TTCL 029/ 21/ H/O ဖြင့် တင်ပြလာသည့် IEE တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား ဖြတ်သန်းသွားမည်ဖြစ်ပါသည်။ သွယ်ယူရေးလိုင်းအစိတ်အပိုင်းများတွင် လျှပ်ကူးပစ္စည်းများ၊ သွယ်ယူရေးတာဝါ၊ အဖွင့်အပိတ်နေရာ၊ ဓာတ်အားခွဲရုံများ၊ ချိတ်ဆက်သွယ်တန်းမှုများ၊ အသုံးပြုမည့်လမ်းကြောင်း (Right Of Way) ၊ ဖြတ်သန်းမှုများနှင့် လမ်းဖောက်လုပ်ခြင်းများပါဝင်ပါသည်။ အဆိုပါသွယ်ယူရေးလမ်းကြောင်းအား လက်ရှိသုံးနေသော လှိုင်သာယာ-ကျိုက်လတ် သွယ်ယူရေးလိုင်းနှင့် လမ်းကြောင်း၏ ပထမတစ်ဝက်အထိပြိုင်၍ သွယ်တန်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိ သုံးနေသော လှိုင်သာယာ-အလုံသွယ်ယူရေးလိုင်းအတိုင်း ဆက်လက်သွယ်တန်းသွားမည် ဖြစ်ကြောင်းနှင့် သွယ်ယူရေးလိုင်း/ တာဝါတစ်ခုချင်းအကြား ၂၃ မီတာ ရှိမည်ဖြစ်ပြီး အလုံဓာတ်အားခွဲရုံသို့ မချိတ်ဆက်မီ သွယ်ယူရေးလိုင်းသည် ရန်ကုန်မြစ်ကိုဖြတ်၍ တည်ဆောက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်များနှင့် လေထုအရည်အသွေးတို့အား မှတ်တမ်းယူခြင်း၊ ဖုန်မှုန့်ထွက်ချိန် အမှုန်အမွှားထွက်ရှိမှုလျှော့ချရေး အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်း သန့်ရှင်းရေးအစီအစဉ်များကို အနည်းဆုံးနှစ်ပတ်တစ်ကြိမ် ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာကြီးကြပ်မှုများအားလုံးနှင့်အညီဖြစ်စေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိအနေအထားဖြင့် စွန့်ထုတ်စေရန် စွန့်ပစ်ပစ္စည်းများစွန့်ထုတ်ရေးအတွက် ကွင်းဆက်စစ်ဆေးရေးမှတ်တမ်းများ အသုံးပြု၍ ခန့်အပ်ထားသော စွန့်ပစ်ပစ္စည်းကောက်ယူသူများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကမ်းခြေဧရိယာတစ်လျှောက် ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်းနှင့် အများပြည်သူများ အသုံးမပြုသောမြေနှင့် ပုဂ္ဂလိကပိုင်မြေ(မြေပိုင်ရှင်၏ သဘောတူညီချက်ရယူ၍)ပေါ်တွင် ကမ်းရိုးတမ်းသစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊ စီမံကိန်းနှင့်ဆက်နွယ်သည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်း၏ ဓာတ်အားလိုင်းလမ်းကြောင်းတစ်လျှောက် ငှက်မျိုးစိတ်များက လွယ်ကူစွာမြင်တွေ့နိုင်သည့် ငှက်လမ်းလွှဲများ အသုံးပြုရန်၊

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားအားလုံးကို ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးလုပ်ငန်းခွင်၌ (PPE) ဝတ်ဆင်ခြင်း၊ သင့်လျော်သော ဘေးကင်းရေးဖိနပ်များ၊ မျက်မှန်၊ ဦးထုပ် ဝတ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်မှုကာလနှင့် လုပ်ငန်းဖျက်သိမ်းသည့်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့် အချက်အလက်များကိုကောက်ယူရန်၊ စီမံကိန်းလုပ်ငန်းများကြောင့် သိသာသည့် ထိခိုက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စီမံကိန်း၏အနီးအနား ပတ်ဝန်းကျင်တွင် သဘာဝမြေမျက်နှာသွင်ပြင်၊ ဓာတုဆိုင်ရာ အခြေအနေများနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ပြောင်းလဲမှုဖြစ်စဉ်များကို စောင့်ကြည့်လေ့လာရန်နှင့် ပြောင်းလဲမှုများအား လျော့ပါးသက်သာစေသည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

